
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## ပညတ်တော်ဆယ်ပါး 2.12

## ထွက်မြောက်ရာကျမ်း ၁၉၊ ၂၀

ရှေးရှေးတုန်းက မောရှေဆိုတဲ့လူတစ်ယောက်ဟာ ဘုရားသခင်ရဲ့လူတွေကို အီဂျစ်နိုင်ငံကနေ ဦးဆောင်ပြီထွက်လာခဲ့တယ်။ အဲဒီ ဟေဗြဲလူမျိုးတွေဟာ အီဂျစ်ပြည်မှာ ဆိုးဝါးစွာဆက်ဆံခြင်းခံခဲ့ရတဲ့အတွက်ကြောင့် ဘုရားသခင်ကတိပေးထားတဲ့ အခြားတစ်နေရာကို ထွက်သွားစေတာဖြစ်တယ်။ အဲဒီနေရာသစ်ကို "ကတိတော်နဲ့ဆိုင်တဲ့မြေ" လို့ခေါ် ကြတယ်။

သူတို့သွားတဲ့လမ်းမှာ ပြဿနာတွေအများကြီးနဲ့တွေ့ခဲ့ကြတယ်။ ဘုရားသခင်ရဲ့ကွယ်ကာစောင့်မခြင်းနဲ့ပတ်သက်ပြီး လူတွေဟာ မောရှေကို မေးခွန်းတွေအများကြီးမေးပြီး အပြစ်တင်ဝေဖန်တော့တယ်။ မောရှေဟာလည်း သူတတ်နိုင်သလောက် အကောင်းဆုံးပြန် ဖြေရှင်းခဲ့တယ်။ တခါတလေ သူလည်းသူတို့ကို စိတ်ဆိုးတဲ့အချိန်တွေရှိပေမယ့်၊ သူတို့ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ ဘုရားသခင်ဟာ သူတို့နဲ့အတူဆက်ရှိနေခဲ့တယ်။ ဘုရားသခင်ဖက်က ဘယ်တော့မှ မပျက်ကွက်ခဲ့ဘူး။

တစ်နေ့မှာတော့၊ သိနာတောင်ပေါ်မှာ သူနဲ့တွေ့ဖို့အတွက်တောင်ပေါ်တက်လာဖို့ ဘုရားသခင်က မောရှေကိုခေါ် ခဲ့တယ်။ မောရှေနဲ့ တွေ့တဲ့အခါ ဘုရားသခင်က လူတွေအတွက်စည်းမျဉ်းတချို့ပေးလိုက်မယ်လို့ပြောတယ်။ သူတို့အတွက် ဘုရားသခင်ပေးလိုက်တဲ့ စည်းမျဉ်းတွေအတိုင်းလိုက်လျှောက်ရင် သူတို့အတွက် အရမ်းကောင်းလိမ့်မယ်။ ကမ္ဘာပေါ်မှာရှိတဲ့လူမျိုးတွေထဲက သူတို့ဟာ ဘုရားသခင်ရွေးချယ်တဲ့လူမျိုးတွေ ဖြစ်တယ်။ မောရှေဟာ ပြန်လာပြီးလူတွေကို ပြန်ပြောပြခဲ့တယ်။ သူတို့အားလုံးလည်း သဘောတူ ခဲ့ကြတယ်။ "ငါတို့လုပ်ဖို့ဘုရားသခင်ပြောသမျှကို ငါတို့လိုက်လုပ်ကြမယ်" လို့ သူတို့ပြောခဲ့တယ်။

လူတွေဟာ သူတို့ကိုယ်ခန္ဓာနဲ့သူတို့အဝတ်တွေကို သန့်ရှင်းအောင်ထားရတယ်။ ပြီးတော့ သုံးရက်မြောက်နေ့မှာ ဘုရားသခင်ဟာ သိနာတောင်ပေါ်မှာ လူတွေရှေ့ဆင်းသက်လာတယ်။ မောရှေဟာ တောင်ပေါ်မှာ ဘုရားသခင်နဲ့တွေ့ဆုံနေတဲ့အချိန်မှာ သူတို့တွေ စောင့်နေကြဖို့မှာထားတယ်။ လူတွေ မောရှေရဲ့နောက်ကလိုက်မလာနိုင်အောင် တောင်ခြေရင်းပတ်လည်မှာလည်း ခြံစည်းရိုးတွေ ကာထားတယ်။ ဘုရားသခင်ဟာ အရမ်းသန့်ရှင်းပါတယ်။ တောင်ပေါ်တက်သွားတဲ့ မောရှေဘေးနားမှာကပ်လိုက်သွားမယ်ဆိုရင် သူတို့တွေသေကုန်ကြမှာဖြစ်တယ်။

တောင်ပေါ်မှာ မီးခိုးတွေဖုံးလွှမ်းနေတဲ့အတွက် မောရှေဟာ ဘုရားသခင်ရဲ့မျက်နှာတော်ကို မမြင်ရဘဲ အသံတော်ကိုသာ ကြားရ ပါတယ်။

လူတွေအတွက် ပညတ်တော်ဆယ်ပါး၊ ဒါမှမဟုတ် စည်းကမ်းဆယ်ပါးကို ဘုရားသခင်က ပေးခဲ့တယ်။

၁) ဘုရားသခင်မှတပါး အခြားသောဘုရားကို မကိုးကွယ်ရဘူး။ အခြားဘုရားမရှိစေရဘူး။

၂) ရုပ်တုဆင်းတုကိုမလုပ်ရ။ ဝတ်ပြုဦးချတာ၊ အမှုဆောင်ပေးတာမျိုးမလုပ်ရဘူး။

၃) ဘုရားသခင်ရဲ့နာမတော်ကို သတိမဲ့စွာ မသုံးရ။ နာမတော်ဟာ ထူးမြတ်တယ်။ သူ့အကြောင်းကိုပြောတဲ့အချိန်နဲ့ ဆုတောင်းတဲ့အချိန် မှာပဲ နာမတော်ကို အသုံးပြုရမယ်။

၄) တစ်ပတ်တာရဲ့ခုနှစ်ရက်မြောက်နေ့ဟာ သန့်ရှင်းသောနေ့ဖြစ်တယ်။ အဲဒီနေ့မှာ အလုပ်မလုပ်ဘဲ အနားယူရမယ့်နေ့ဖြစ်တယ်။

၅) မိဘကိုရိုသေပါ၊ သူတို့စကားကို နားထောင်ပြီး၊ သူတို့ပြောတဲ့အခါ လေးစားရိုသေပါ။

၆) လူ့အသက်ကိုမသတ်ရဘူး။

၇) မင်္ဂလာဆောင်ခြင်းနဲ့ဆိုင်တဲ့သစ္စာကို မဖျက်ရဘူး။

၈) တပါးသူရဲ့ပစ္စည်းဥစ္စာကိုမခိုးရဘူး။

၉) အိမ်နီးနားချင်းတွေရဲ့အကြောင်းကို မုသာစကားလိမ်လည်မပြောရဘူး။

၁၀) အိမ်နီးနားချင်းတွေရဲ့ပိုင်ဆိုင်မှုတွေကို လိုချင်တပ်မက်တဲ့စိတ်မရှိစေရဘူး။

ဘုရားသခင်ဟာ အဲဒီစည်းကမ်းတွေကို ကျောက်ပြားပေါ်မှာရေးသားပြီး၊ တောင်အောက်မှာရှိတဲ့လူတွေအတွက် မောရှေကို ယူဆောင်သွားစေခဲ့တယ်။

**ပညတ်တော်ဆယ်ပါး - ဆရာလမ်းညွှန် 2.12**

**ထွက်မြောက်ရာကျမ်း ၁၉၊ ၂၀**

**အဓိကအချက်များ**

၁) လူတွေဟာ ခရီးထွက်လာကြတယ်။ သူတို့နေရမယ့် နေရာသစ်ဆီကို မောရှေကဦးဆောင်သွားတယ်။ အတူတကွအားလုံး လုပ်ဆောင်ဖို့ဖြစ်တယ်။ တခါတလေ လုပ်ဆောင်ရတာခက်ခဲပါတယ်။ လူတွေက အရမ်းများတယ်။ တခါတလေ သူတို့တွေစိတ်ဆိုး ကြတယ်။ ဘာဖြစ်နေပါစေ ဘုရားသခင်က သူတို့ကိုနားလည်ပေးပြီး သူတို့နဲ့အတူရှိနေခဲ့တယ်။

၂) တောင်ပေါ်မှာ မောရှေနဲ့အတူ ဘုရားသခင်က စကားပြောချင်တယ်။ လူတွေအတွက် သူမှာပြောစရာစကားတွေရှိတယ်။ သူတို့ကို သူရွေးချယ်တဲ့လူမျိုးဖြစ်စေချင်တယ်။ ဘုရားသခင်အတွက် ထူးခြားတဲ့လူမျိုးဖြစ်စေချင်တယ်။ သူတို့ကိုပြောတဲ့အတိုင်း သူတို့ လုပ်မယ်လို့ သတို့ပြောကြတယ်။

၃) နောက်တစ်ကြိမ်တောင်ပေါ်ကို မောရှေတက်တဲ့အခါ၊ ဘုရားကိုတွေ့ဖို့ သူ့နောက်ကလူတွေ မလိုက်လာကြဖို့ သူတို့ကိုသတိပေး တယ်။ ဘုရားသခင်ဟာ သန့်ရှင်းတယ်။ သူတို့တွေ မလိုက်နာဘဲကြိုးစားရင် သူတို့တွေ သေကြမှာဖြစ်တယ်။

၄) သူတို့တွေ့ဖို့ ဘုရားသခင်က မောရှေကိုတောင် အခွင့်မပေးခဲ့ဘူး။ လူတွေဟာ သန့်ရှင်းတဲ့အသက်တာနဲ့အသက်ရှင်တတ်ကြဖို့ အတွက် သူ(ဘုရားသခင်)က မောရှေကို စည်းကမ်း ၁၀ ချက်(ပညတ်တော်ဆယ်ပါး) ပေးခဲ့တယ်။

**မေးခွန်းများ**

၁) လူတွေဟာ ဘာ့ကြောင့် အီဂျစ်ပြည်က ထွက်လာကြသလဲ?

၂) သူတို့ကို နယ်မြေသစ်ဆီဦးဆောင်ခေါ်သွားတဲ့သူရဲ့နာမည်က ဘာလဲ?

၃) မောရှေဟာ ဘုရားသခင်နဲ့စကားပြောဖို့အတွက် သူဘယ်ကိုသွားခဲ့ရသလဲ?

၄) လူတွေအတွက် မောရှေအားဖြင့် ဘုရားသခင်က စည်းကမ်းဘယ်နှစ်ခု ပေးခဲ့သလဲ?

၅) လူတွေဟာ ဘုရားသခင်ရဲ့စကားတော်ကို နားထောင်ရင် ဘာဖြစ်သွားကြမလဲ?

**အဖြေများ**

၁) လူတွေဟာ ဘုရားသခင်က သူတို့အတွက် ကတိထားတဲ့နယ်မြေသစ်အတွက် ခရီးထွက်သွားရတာဖြစ်တယ်။

၂) အဲဒီလူနာမည်က မောရှေ ဖြစ်တယ်။

၃) မောရှေဟာ တောင်ပေါ်ကို တက်သွားခဲ့ရပါတယ်။

၄) ဘုရားသခင်ဟာ မောရှေကို စည်းကမ်း ၁၀ ချက်ပေးပါတယ်။

၅) ဘုရားသခင်က သူတို့ကို ထူးခြားတဲ့လူမျိုးတွေ ဖြစ်စေမှာဖြစ်ပါတယ်။

Kids of Destiny®
Reaching the Next Generation



www.kidsofdestiny.org